TWO CATS PUBLICATION

မောင်မျိုး
စီစဉ်သည်။

# ပန်းသဓနိုင်

## ကျွန်မ၏ ဂစ်တာတစ်စင်း

DESIGN : BO BO HTOON

# အခန်း(၁)

“ကျော်ညီညာ” က လက်ထဲကိုင်ထားသော စီးကရက်မကုန်သေးတာမို့ အခန်းထဲ မဝင်ဖြစ် သေးဘဲ ယောင်လည်လည်ရပ်နေမိသည်။ ဟိုငေး ဒီငေးလုပ်နေမိသည်။

မှန်တံခါးကိုဖြတ်ပြီး ကွန်ပျူတာစင်တာထဲလှမ်းကြည့်တော့ လူတော်တော်စုံနေပြီ။

ညီညာလည်း ဝင်မလို့ပါပဲ။ လက်ထဲကစီးကရက် တစ်ဝက်လောက်ကျန်နေတော့ နှမြော လို့သာ လွှင့်မပစ် ချင်လို့သာ။

အခန်းထဲမှာ စီးကရက်မသောက်ဖို့ ပြောထားတာမို့ အပြင်မှာပဲရပ်ကာ စီးကရက်ကုန် လောက်ချိန်အထိနေ မိသည်။

ဟင်. . .

နွဲ့နွဲ့နှောင်းနှောင်းနှင့် လျှောက်လှမ်းလာသောသဏ္ဍာန်ပါးပါးကြောင့် သူ့နှုတ်ခမ်းအစုံပွင့် ဟကာ အံ့သြသွားရ သည်။

ဟိုး တစ်နေ့က သမ္မတရုံမှာ တွေ့ခဲ့သည့်ကောင်မလေးပါလား။ သည်သဏ္ဍာန်လေးကို ကောင်းကောင်းမှတ် မိသည်။ မျက်လုံးထဲ စွဲနေသည်။ အလွတ်ရနေသည်။ မေ့မရခဲ့။

သူ့လိုခပ်အေးအေး ဘာသိဘာသာ စတိုင်ရှိသောသူက ထိုကောင်မလေးကို မှတ်မှတ်ရရဖြစ်သွားခဲ့တာ သ တိထားမိခဲ့တာ

ဆန်းလှတော့သည်။

တိုက်တိုက်ဆိုင်ဆိုင် လာပြန်တွေ့တာပါလား။

ဘေးမှာ သူငယ်ချင်းအဖော်မပါဘဲ တစ်ယောက်တည်းလျှောက်လာတာ နည်းနည်းထူးခြား သည်။

သမ္မတရုံမှာ ရုပ်ရှင်လာကြည့်တုန်းကတော့ သူငယ်ချင်းကောင်လေးနှစ်ယောက်နှင့် ရယ်မောရွှင်ပျနေခဲ့ သည်။

ဘယ်ဆက်ရှင်ကပါလိမ့်။

ကျော်ညီညာတို့ ဆက်ရှင်ကပဲလား။

သည်ရှေ့ကိုရောက်လာကတည်းက တစ်ခုခုတက်နေတာသေချာသည်။

အကောက်တင်းလား အကောင့်လား စက္ကူထရီလား တစ်ခုခုပါပဲ။ သည်မှာက အရမ်းစုံသည်။ ကွန်ပျူတာ ရော စပီကင်နဲ့ ပြီးတော့ အယ်စီစီအိုင်တို့ နောက် ဟိုးဘက်အစွန်မှာ တိုဖဲလ်တွေဘာတွေတောင် ရှိသေးသည်။

သင်တန်းတစ်ခုခုတက်နေလို့သာ သည်ရှေ့ကိုရောက်တာပါ။ ကျော်ညီညာကတစ်ခါ သာမြင်ဖူးပြီး စွဲနေ အောင်မှတ်မိနေသည့် ပုံစံလေးကို စီးကရက်ဖွာရင်း ငေးကာနေမိသည်။

မှန်တံခါးကို တွန်းဖွင့်ပြီးဝင်သွားတာ. . .အစွန်ဆုံးခုံမှာ ဝင်ထိုင်လိုက်တာ. . .ဘေးက တစ်ယောက်နှင့်စကား လှည့်ပြောတာ ရှေ့ကကွန်ပျူတာဆီ စူးစိုက်ကြည့်လိုက်တာ. . .အားလုံး အားလုံး သူအမှတ်တမဲ့ ကြည့်နေမိပါ သည်။

သူတို့သင်တန်းကမှန်း သူမသိခဲ့ပါလား။

သူကလည်းသူ. . .အေးအေးအအ ထုံထုံနုံနုံနှင့် သီးသန့်နေတတ်တာကိုး။ သူ့မှာ သူငယ်ချင်းလည်း နည်း ပါးသည်။ ကောင်မလေးတွေကိုလည်း

သူစိတ်ဝင်စားလေ့မရှိပါ။

အားမနာတမ်းဝေဖန်ရလျှင်တော့ သူသည် အူကြောင်ကြောင်နှင့် ဘယ်လိုလူကြီး မှန်းမသိပါ။

မနက်ဆိုအလုပ်သွားမည်။ ညဆို အိမ်မှာ တီဗွီကြည့်လို့ဖြစ်ဖြစ် စာဖတ်လို့ဖြစ်ဖြစ် အနားယူသည်။

အခု သည်သင်တန်းကိုလည်း အလုပ်ရှင်ကမတက်မနေရ တက်ခိုင်းလို့သာ။ သူ့သဘော နှင့်သူဆို အဝေး ကြီး။

"မဖြစ်ဘူး မောင်ညီညာ. . .ကွန်ပျူတာကသုံးတတ်မှကိုဖြစ်မယ်။ ဒါမှ ခေတ်နဲ့အညီ လိုက်နိုင်မှာ ကွန်ပျူတာ မကိုင်တတ်ရင် အခက်ပဲ၊ ဒီတော့ မင်းသွားတက်မှရမယ်"

"ကျွန်တော် အခြေခံက စတက်ရမှာ"

"ဒါပေါ့"

"ဟာဗျာ ခုအရွယ်ကြီးမှ"

"ဘာဆိုင်လဲကွ မတတ်ရင် သင်ရမှာပဲ. . .မင်းကဘယ်လောက်အသက်ကြီးသေးလို့လဲ၊ မင်းမှာ ကြိုးစားမှုရှိ ပြီးသား အရည်အချင်းတွေ မွှမ်းမံဖို့လိုနေပြီကွ မင်းတက်လိုက်ပါ"

"လုပ်ပြီဗျာ"

"တက်လိုက်ပါကွာ အိမ်မှာလည်း တစ်လုံးဝယ်ထားလိုက်၊ အခုလောလောဆယ်မဝယ်နဲ့ဦး နည်းနည်းပါးပါး ကျွမ်းကျင်နားလည်လာမှဝယ်၊ ဒါမှပစ္စည်းကောင်း ကိုယ်နဲ့သင့်တော်မယ့်ဟာကို မင်းရွေးတတ်မှာ ဘုမသိဘမသိနဲ့ မှားကုန်ဦးမယ်"

"ဟုတ်ကဲ့"

သူ့မှာက သည်အလုပ်ပဲရှိတာ။ လခကလည်းကောင်း လူရင်းတွေကလည်းဖြစ်နေဆိုတော့ မွမ်းမံပါဆို လည်း မွမ်းမံရုံပဲရှိသည်။ ဘာမှစောဒကမတက်လိုပါ။

အိမ်မှာလည်းခေါ်မသင်ချင်ပါ။ တစ်ယောက်တည်းဆိုတော့ ပျင်းခြောက်ခြောက်နှင့် နောက်ဆုံးတော့ သူ မျှားလုပ်သလို သင်တန်းပဲ ရောက်လာခဲ့ရတော့သည်။

အလုပ်ခွင်ဝင်ဖို့အတွက် တိုးတက်ဖို့အတွက် လူငယ်တွေတက်ကြွစွာ သင်တန်းအမျိုးမျိုးကို တက်နေတာ တွေ့ရသည်။

သူသာအလုပ်လုပ်ရင်း မျက်ခြေပြတ်ပြီး တုံးအအကြီးဖြစ်နေခဲ့တာမဟုတ်လား. . .

“ဟာ. . .အစ်ကို မဝင်သေးဘူးလား”

“အေး ခဏလေး ဝင်တော့မှာပါ”

သုတ်သုတ်ပျာပျာ ရောက်လာသော ကောင်လေးတစ်ယောက်က သူ့ကိုနှုတ်ဆက်ပြီး ချက်ချင်းဝင်သွား၏ ။

ကျော်ညီညာက ပုစွန်ဆီရောင်ပျော့ပျော့လေးနှင့် လယ်သာကုတ်အနက်ကလေး ထပ်ဝတ် ထားသော ချစ်စ ရာသဏ္ဌာန်လေးကို ငမ်းနေမိ၏ ။

သူသည် အင်မတန်ရိုးသားသူပါ။

ဟန်ဆောင်ပန်ဆောင်မလုပ်တတ်ပါ။

ကြည့်ချင်တာကို ပြောင်ပြောင်တင်းတင်းပဲကြည့်ကာနေမိသည်။ ကောင်မလေးက သူ့ဆီ ဖျတ်ခနဲလှမ်း ကြည့်သောအခါ ရင်ထဲရှိန်းခနဲနွေးတက်သွား၏ ။

သူမယုံနိုင်အောင်ဖြစ်သွားရသည်။

ဟိုကောင်မလေးလှမ်းကြည့်တာနှင့်သူက ဘာဖြစ်သွားရတာ လဲ လိပ်ပြာတစ်ကောင် ရင်ထဲ မှာ ပျံဝဲနေသလို ခံစားမှုမျိုး။

ပျော်သလိုလို ကျေနပ်သလိုလို လှုပ်ခတ်နေသည်။

သမ္မတရုံမှာ တွေ့လိုက်စဉ်တုန်းကတော့ ပြန်ဆုံမယ်မှန်းမသိခဲ့သေးပါ။ နောက်ထပ်တွေ့ရ တော့မှာမဟုတ်ဟု သာ ထင်ခဲ့သည်။ ရန်ကုန်မြို့ကအကျယ်ကြီးမဟုတ်လား။

ခုတော့ သင်တန်းတစ်ခုတည်းမှာ လာဆုံသည်။

တွေ့ဆုံမှုက သူ့ရင်ကိုတုန်ခါစေသည်။

စီးကရက်ကုန်သွားတော့ သူမှန်တံခါးကို တွန်းဖွင့်ဝင်လာခဲ့၏ ။ ဆက်ပြီးရပ်နေ၍ မကောင်းတော့ပါ။ ဆရာမပင် ဟိုလျှောက်သည်လျှောက်လုပ်နေပြီ။ သူက အခန်းထဲမရောက်သေး။

သူ့နေရာသူထိုင်ပြီးတော့ ကောင်မလေးဆီလှမ်းကြည့်သည်။ သေသေချာချာမမြင်ရ။

သို့သော် သူ့ကွန်ပျူတာထဲမှာ ကောင်မလေးသဏ္ဍာန်က ထင်ဟပ်လာ၏ ။

ဆံပင်စင်းစင်းလေးတွေက ပခုံးကျော်ရုံလောက် ညိုညိုကလေး ဆိုးထားသည်။ မျက်လုံးစိုစိုတောက် တောက်ကလေးက အရည်လဲ့ကာ ရွှန်းပပနိုင်လွန်းသည်။ နှုတ်ခမ်းလေးက ဖူးကြွပြီးရဲစိုနေသည်။ မျက်ခုံးတန်းတန်း ကလေး နဖူးပြေပြေကလေး။ ဆံပင်ကို ထိပ်မှာခွဲ ကြောင်းထားတာမို့ မျက်နှာဘေးနှစ်ဖက်နားရွက်ကို အုပ်ကျပြီး အိထွေးနေသည်။ မျက်နှာကလေး သာမက လည်တိုင်ရှင်းရှင်းကလေး ပြီးတော့ နူးညံ့သော အသားအရေနှင့် ကိုယ်

လုံးကြော့ကြော့ ကလေး။ လက်မောင်းကလေးတွေလည်း ဝင်းစိုပြီးချစ်စရာကောင်းသည်။ ပုစွန်ဆီရောင်အကျႌလေး ကလည်းလက်ပြတ် လယ်သာကုတ်ကလေးကလည်းလက်ပြတ်။ လှပသော လက်တံတစ်ခုလုံး ကိုမြင်နေရသည်။ ခါးသေးသေးလေးနှင့် ပြေပြစ်အချိုးကျသော ခန္ဓာလေးကို ပိုင်ဆိုင်သည်။ လမ်းလျှောက်ပုံလေးက လျှပ်တိုက် လျှပ် တိုက်လိုလို သံစဉ်တစ်ခုပါနေသလို သိမ်မွေ့ကြည့် ကောင်းလှ၏ ။

ချိုသော မြူးသောအသံစာစာလေးကိုလည်း သူကြားဖူးပါသည်။ မာနလုံးဂမပါ မာန်မရှိ သော အသံလေးမို့ နားဝင်ချိုသည်။

သူဘာလို့ အဲဒီ လောက်အသေးစိတ်မှတ်မိနေရတာ လဲ။

သူမရိုးတော့ဘူးလား။

သူ့နှလုံးသားက အချစ်ကိုရှာဖွေနေပြီလား။

ဒါထက်သိပ်ချစ်စရာကောင်းသော ကောင်မလေးကို သဘောကျနေမိပြီလား။ သူနှင့် အနည်းငယ်တော့ အ လှမ်းဝေးပါသည်။

သူ့ပုံစံက “ဒိုက်” ရိုးရိုးအအကြီး။

ကောင်မလေးက ခေတ်မီမီပုံစံလေး ပြီးတော့ သွက်သွက်လက်လက် သူ့လို ရေခဲတုံး မဟုတ်ပါ။

ရေခဲတုံးကလည်း သည်တစ်ခါ ဖောက်ပြန်မှုတွေဖြစ်ကာ မျက်စိထဲ ဘာတွေဖြစ် နေမှန်းမသိ။ သူနည်းနည်း လွန်ပြီ။

အလွတ်နီးပါးရအောင် ငေးကြည့်နေခဲ့မိပါလား။

သူ့အပြစ် သူပြုံးမိပါသည်။

ဒါပထမဆုံးပါပဲ. . .

သူရင်ခုန်တာ ဒါပထမဦးဆုံးအကြိမ်။

ခုနတုန်းက ကောင်မလေးလှမ်းကြည့်တော့ သူ့ရင်ထဲလိပ်ပြာထပျံသလို တလှပ်လှပ် တလှုပ်လှုပ်နှင့် ဘယ်လိုကြီးမှန်းမသိ။

ကောင်မလေးက သိပ်လှလို့လား။

သူဒီလို တိမ်းတိမ်းမူးမူး ဖြစ်သွားရတာ ကောင်မလေးလှလွန်းတာကြောင့်လား မသိပါ။

ပြီးတော့ ဘယ်ကောင်မလေးကိုမှ သူခုလောက်အထိ မကြည့်ခဲ့ဖူးပါ။ သတိလက်လွတ် မဖြစ်ဖူးခဲ့ပါ။

မေမေ. . .

ကျွန်တော် ကျော်ညီညာ မအေးတော့ဘူး၊ ဆန်းချင်လာပြီဗျ။ စိတ်ထဲမှာ မေမေ့ကို သတိရပြီး ပြောမိသည်။

မေမေက သူ့ကို မိန်းမသိပ်ရစေချင်တာ။ ချစ်သူရှိစေချင်တာ။ သူငယ်ချင်းသမီးတွေနှင့် စ ရတာ အမောပါပဲ။ သူကသာ မတုန်မလှုပ်နေခဲ့မိတာ။ မေမေကခုဆို လက်လျှော့ထားခဲ့ပြီ။

မေမေစောပြီး လက်လျှော့ချိန်ကျမှ သူ့နှလုံးသားက ဖြုန်းစားကြီးလန့်နိုးလာခဲ့သည်။

အဲဒီ ကောင်မလေး ဘယ်လိုပြုစားလိုက်ပါလိမ့်။

သူတစ်ချက်ကြည့်တာနှင့် ကျော်ညီညာ လှိုင်းစီးရသလိုမူးသွားသည်။ ရင်ထဲမှာ လူးသွားသည်။ မော်အ တတ်များလားဟု ထင်မှားစရာပင်။ သူအရမ်းသိချင်သည်။

အဲဒီ ကောင်မလေး နာမည်၊ ပြီးတော့ လိပ်စာ။

အားလုံးစုံစုံစေ့စေ့ သူ့ကို တစ်ယောက်ယောက်က ပြောပြလျှင်ကောင်းမည်။ ခက်တာက ဘယ်သူ့မေးရမ လဲ။

ဘယ်သူက သူ့ကို အလိုလိုနေရင်း လာပြောပြပါ့မလဲ၊ သူက မေးမှသာပြောချင်ပြောမှာ။

မေးဖို့နှုတ်လေးသည်။ တုံ့ဆိုင်းသည်။ အဲဒီ လောက် သတ္တိမရှိပါ။ သူ့ကို ရယ်စရာများ ဖြစ်မလား။ သွားမေးလို့ အဟားခံရမှာစိုးသည်။ တကယ်ကို ကြောင်တက်တက်နိုင်သော ကိစ္စမျိုး အစရှာရခက်လှသည်။

သိချင်တာကလည်း အရမ်းပါပဲ။ သည်အတိုင်းမနေနိုင်။ မေးဖို့ကျတော့ အပေါင်းအသင်းက အလွန်နည်းပြီး ရှက်တာလည်းပါသည်။ သူမေးသည့် တစ်ယောက်ကဖြေနိုင်လျှင်ကောင်းပါရဲ့၊ မဖြေနိုင်လျှင်ဒုက္ခ။ နောက်တစ် ယောက်ထပ်မေးရမည်။ မတော်တဆ သူစုံစမ်းတာကို အဲဒီ ကောင်မလေးသိသွားမှဖြင့်၊ ဟာ. . .မဖြစ်သေးပါဘူး။ အေးအေးနေတာပဲကောင်းမည်။ သူ့အကြောင်းတွေပွကုန်မည်။ သူနှင့် ကောင်မလေးက ဝတ်စားနေထိုင်ပုံလည်း ကွာသည်။ သွက်လက်ချက်ချာပုံလည်း ကွာသည်။ တကယ်ပဲ လူရယ်စရာပါ။

ပိုအရေးကြီးတာက အဲဒီ ကောင်မလေး. . .သူ့လိုရိုးရိုးအေးအေးလူအကြီးကို စိတ်ဝင်စား မှာတဲ့လား။

ကောင်မလေးတွေက သူ့ကို မကြားတကြားစဖူးသည်။

“အဘိုးကြီးပေါက်စတဲ့”။ ဟိုကောင်မလေးကဖြင့် တကယ့်ကိုအပျံစားစတိုင်။ ခေတ်ရှေ့ပြေးနေသည်။ သူ နှင့်မဖြစ်နိုင်ပါ။

“ကျော်ညီညာ” မျက်နှာကြီးပျက်ပြီး ကွန်ပျူတာဆီ အာရုံထားမိသည်။ သူ့အတွေးတွေက တောင်ရောက် မြောက်ရောက် ရှုတ်ထွေးပျက်ပြားလှသည်။

သင်တန်း တစ်ခုတည်းမှာမို့ အမြဲတွေ့နေခွင့်တော့ရပါမည်။ ဟိုကောင်မလေးက သင်တန်းမှ မှန်မှန်တက်ပ့ါ မလား. . .

သည်နေ့တော့ အချိန်မှန်ရောက်လာတာပါပဲ။

သူ အဝေးကြီးကို စဉ်းစားနေမိသည်။

အပြန် နောက်ကလိုက်ကြည့်လျှင်ကောင်းမလား။

အနည်းဆုံးအိမ်တော့ သိသွားမည်။

ညီညာတစ်ယောက်တည်းပြုံးမိ၏ ။

ခေတ်အဆက်ဆက်သုံးလာတဲ့ နည်းစနစ်ပါပဲ။ ယောကျ်ားလေးတွေရဲ့ မရိုးနိုင်သော နည်းလမ်းက နောက် ကလိုက်ကြည့်ခြင်းပဲလေ။

သူဆုံးဖြတ်လိုက်သည်။

လိုက်ကြည့်မည်။ အဲဒီ ကောင်မလေးမသိအောင် နောက်ကနေ တိတ်တိတ်ကလေး လိုက်ကြည့်မည်။

သည်လိုဆိုတော့လည်း ကျော်ညီညာ မဆိုးလှပါ။

အကြံသစ်ဉာဏ်သစ်တွေထွက်လာသည်။

မေမေ့အတွက် ချွေးမလောင်းလေးရနိုင်ကောင်းပါရဲ့။

သို့ပေမယ့် သူ့အစွမ်းအစက တော်တော်နည်းသည်။ အရမ်းရှက်တတ်သည်။ အထူးသဖြင့် ကောင်မလေး တွေနှင့် ပတ်သက်လာလျှင် သူတော်တော်ညံ့ဖျင်းပါသည်။ အတွေ့အကြုံ ကလည်းလုံးဝမရှိ။ ရည်းစားလည်း တစ်ခါ မှ မထားခဲ့ဖူးပါ။

ရည်းစားမရှိတာကထားဦး။

ဟိုလိုလို ဒီလိုလို ဘာဘာညာညာလေးတွေပင်မရှိ။

သူ့အဖြစ်က ရယ်စရာကောင်းတာလား ငိုစရာကောင်းတာလား တစ်ခုခုပါပဲ။

*

အဲဒီ နေ့က သင်တန်းပြီးချိန်မှာ ကျော်ညီညာ မသိမသာ ကောင်မလေးနောက်က လိုက်လာခဲ့သည်။

ငါးလှမ်းလောက်ခွာပြီး ကိုယ့်လမ်းကိုယ်သွားသလိုလိုပေါ့။ ကောင်မလေးက လှည့်မကြည့် ပါ။ မျက်နှာလေး မော့ပြီး ဆံပင်လေးတွေဂဲခါအောင်လျှောက်သွားပုံက သူ့ကို ဖမ်းစားလွန်းသည်။ သူ ရူးတော့မလားမသိ။

သို့ပေမယ့် အရာရာသည် သူထင်သလို လွယ်လွယ်ကလေးမဟုတ်ခဲ့ပါ။ ကောင်မလေးက ကျောပိုးအိတ်ထဲက ကားသော့လေးထုတ်ယူပြီး ရပ်ထားသော ကားအပြာလေးဘေးကို လျှောက် သွား၏ ။

ဟာ. . .ပြဿနာပဲ။

ကျော်ညီညာယောင်ပြီး ခြေလှမ်းရပ်သည်။ သူဘယ်လိုဆက်လိုက်ရမှာလဲ။ ကောင်မလေး က ကားမောင်း ပြီး လာတာ။ ခုလည်းကားပေါ်တက်တံခါးပိတ်ပြီး စက်နှိုးလိုက်ပြီ။

သူဘာမှ မတတ်နိုင်။

ဖျူးခနဲ မောင်းထွက်သွားသောကားကို လှမ်းငေးနေရုံကလွဲပြီး တကယ်ပဲ ဘာမှမတတ်နိုင်ပါ။

ကားမောင်းကြမ်းလှချည်လားဟု ထင့်ခနဲတွေးမိသည်။ သူထင်ထားတာထက်ပင် ပိုပြီးပြည့်စုံ ပုံရလေသည်။

ကဲ. . .စိတ်လျှော့လိုက်ကျော်ညီညာ။

ကားနောက်က ပြေးလိုက်လည်း မင်းပဲအမောဆို့သေမှာ။

သူ့ကိုယ်သူ အားပေးရင်း သူ့အစီအစဉ်ကို ဖျက်လိုက်ရသည်။ ဘယ်လိုလုပ်ရမလဲ။

ကိုယ်တိုင်ကားမောင်းပြန်သော ကောင်မလေးနောက်ကို ဘယ်လိုလိုက်ကြည့်ရမလဲ။ အဲဒါမှအခက်။

သူနဲ့မလျှော့ချင်သေးပါ။

နည်းလမ်းကောင်းရအောင် စဉ်းစားဦးမည်။

ခြေစုံရပ်ကာ တွေးနေမိပါသည်။

*

"ပတ္တမြားနီ"က ကားမောင်းလာရင်း ခစ်ခနဲရယ်မိသည်။ ဘယ်လို မအူမလည်ကြီးလဲ နောက်က လိုက် ကြည့်ပုံက မရဲတရဲ။

အရမ်းရယ်ရသည်။

နီက တော်ရုံလူကို ခင်ဖို့မခဲယဉ်းပါ။ သို့ပေမယ့် အဲဒီ လူကို ဘာလို့မှန်းမသိ ပြုံးပြဖို့ ဝန်လေးနေသည်။

ခေါ်ပြောနှုတ်ဆက်လိုက်လို့ရပါလျက် နီအိုက်တင်ခံနေမိသည်။

သူအငမ်းမရလိုက်ကြည့်နေတာ အရမ်းရယ်ချင်စရာ။ စကားလည်းလာမပြောရဲ။ ကြည့်ရုံပဲ ကြည့်နေသည်။

သည်ခေတ် သည်လိုသင်တန်းမှာ သည်လိုပုံစံတုံးတုံးကြီးလည်းရှိသေးသည်။ အံ့ရော။

လွယ်အိတ်တစ်လုံးနှင့် ရှပ်အကျႌနှင့် ပုဆိုးနှင့်။

ဆံပင်ဘေးခွဲကို ပြောင်လက်နေအောင် ဘာလိမ်းထားမှန်းမသိ။ ထီးရှည်ကြီးတစ်လက် ကလည်း လက်ထဲပါ သေးသည်။ ဘယ်လိုပြောရမလဲ။

သည်နေ့လူငယ်တွေ၏ စတိုင်လုံးဝမရှိ။

အရမ်းရိုးသားပုံလည်း ရသည်။ စိတ်ပျက်မယ်ဆိုလည်း ပျက်လောက်ပါရဲ့။

ပတ္တမြားနီ တစ်ယောက်တည်းရယ်နေမိတာပဲကြည့်. . .

သူက နီ့ကို စိတ်ဝင်စားသတဲ့လား။

အဲဒါပိုရယ်ရတာ ။

နီ့ပုံစံကို စိတ်ဝင်စားလျှင် သူ့ပုံစံကို တော်တော်ပြုပြင်ရဦးမည်။ လုံးဝမလိုက်ဖက်ပါ။

ဒါတောင် နီက သင်တန်းချိန်မို့ အိမ်မှာနေရင်းဆို ဘောင်းဘီရှည်လေးတွေ ဘောင်းဘီတို လေးတွေပဲ ဝတ်သည်။

ဘာပဲဖြစ်ဖြစ် သူကြည့်နေတာကိုက နီ့အတွက် ဟာသတစ်ခုလိုပါ။ နီ့ကို စိတ်ဝင်စားသော ကောင်လေးတွေ ထဲမှာ သူ့လိုပုံတစ်ယောက်မှမပါ။

သူ မျက်စိလည်လမ်းမှားတာပဲ နေမှာပါ။

ပုံစံချင်းက လုံးဝဆန့်ကျင်ဘက်ဥစ္စာ။

ဘယ်လိုမှ မဖြစ်နိုင်ပါ။

နီဘယ်လိုမှလည်း မခံစားရပါ။

သေချာတာက သည်လူကို နီတစ်သက်လုံးရင်ခုန်မှာမဟုတ်။

*

နောက်တစ်နေ့မှာတော့ ကျော်ညီညာက စိတ်ကူးကောင်းစွာနှင့် TAXI တစ်စီးကို လာကြိုဖို့ မှာထားခဲ့ပါသည်။

ဒါဆို ဟန်ကျပြီ တက်စီနှင့် လိုက်ကြည့်ရုံ။

သူ့အစီအစဉ်ကို သူဘဝင်ကျသွားသည်။

မင်းဘယ်လိုပြေးမလဲ ကြည့်ရဦးမည်။

မနေ့က သူ့ဆီမှာ ကားမရှိလို့သာ ကျန်ရစ်ခဲ့ရတာ . . .

သို့ပေမယ့် သူလုံးဝကံမကောင်းပါ။

ဒုတိယနေ့မှာ အဲ့ဒီကောင်မလေးရောက်မလာ။

သူ့ကို တစ်ခါလာကြိုတော့ သူရင်မောသွားသည်။

ဘာလို့လွဲရတာ လဲ။

သူက အပိုင်တွက်ထားခဲ့တာ။

အဲဒီ ကောင်မလေး မလာရင်ရော ဆိုတာ မတွေးမိခဲ့ပါ။

သူညံ့လို့ သူခံရတာ ။

ကျော်ညီညာ တက်စီဖိုးရှင်းပေးလိုက်ရသည်။

“မနက်ဖြန်လာကြိုရဦးမလား”

သူချိုတုံချတုံဖြစ်ကာနေသည်။

ကဲ မထူးပါ။ မနက်ဖြန်တစ်ရက်တော့ ထပ်မှာလိုက်သည်။

“ဟုတ်ကဲ့ လာကြိုပါ”

ကျော်ညီညာသည် ဖွဲကြီးသူတစ်ယောက်ပါ။

သူ့မှာ ဖွဲတစ်ခုပဲရှိသည်။

ထိုဖွဲကိုပဲ သူအသုံးချရပါမည်။

မနက်ဖြန်မှပဲ ဟိုကောင်မလေးနောက်လိုက်ကြည့်ရတော့မည်။

*

## အခန်း(၂)

တတိယနေ့မှာတော့ ကျော်ညီညာ ကံကောင်းပါသည်။

ရင်ခုန်ရသော ကောင်မလေးက တီရှပ်အနက်ကလေးနှင့် ဂျင်းစကပ်ရှည်လေးနှင့် ရောက်လာ၏ ။

ဟူး. . .တော်ပါသေးရဲ့. . .

သူကြိတ်ပြီး ဝမ်းသာမိသည်။ သင်တန်းက ဆရာပို့ချသမျှကို မနည်းအာရုံထားရသည်။

ရင်ထဲမှာ ဘယ်သူတွေဘာပွဲတော် လာကျင်းပနေမှန်းမသိ တဒုန်းဒုန်းတဒိုင်းဒိုင်းနှင့် ဆူညံနေသည်။

သည်နေ့တော့ ဟန်ကျပြီ။

ကောင်မလေးနောက်က တကောက်ကောက်လိုက်လို့ရတော့မည်။

သင်တန်းဆင်းချိန်မှာ သူမှာထားသော တက်စီရောက်လာ၏ ။ ကွက်တိပါပဲ။ သူသုတ်သုတ် တက်လိုက်သည်။

"မနေ့က နေရာပဲ ပို့ရမှာလား"

ဝတ်ကျေတန်းကျေမေးလိုက်တာ။

"ဟာ မဟုတ်ဘူး ဟိုရှေ့က ကားအပြာလေးတွေ့လား။ "လ"နံပါတ်ကလေး အဲဒီ နောက်ကို ကပ်လိုက်ဗျာ၊ မျက်ခြည်မပြတ်စေနဲ့"

သူ့ကို တစ်ချက်လှည့်ကြည့်၏ ။ စကားတစ်ခွန်းမှမဆို။ ကားအပြာလေးက အရှိန်နှင့် ပြေးနေပြီး စူပါမား ကတ်ရှေ့မှာရပ်သည်။ ကျော်ညီညာ သက်ပြင်းရှိုက်၏ ။ သူတို့တက်စီလည်း တံ့ခနဲရပ်သွားသည်။

"စောင့်မှာလား"

"ဟုတ်ကဲ့"

မစောင့်ဘဲ ပြန်သွားလို့ရမှာတဲ့လား။ စောင့်ရုံပဲရှိသည်။

အချိန်တော်တော်ကြာသည်အထိ ထွက်မလာပါ။

သူထင်ထားသလို အိမ်မှပြန်ပဲ့မလား။

ဘယ်တွေဝင်ဦးမှာလဲ ဘယ်တွေသွားဦးမှာလဲမသိပါ။

ကျော်ညီညာစောင့်ရလွန်းလို့ ပျင်းခြောက်လာချိန်ကျမှ စူပါမားကတ်ထဲက ထွက်လာသော ကောင်မလေး ကိုမြင်ရသည်။

ထုံးစံအတိုင်း သူတို့နောက်ကလိုက်လာခဲ့သည်။

မီးပွိုင့်အရောက်မှာ ကားအပြာလေးက မျက်ခြည်ပြတ်သွားသည်။ ရှာမတွေ့တော့ပါ။

"ဟာဗျာ. . .ခင်ဗျားကလည်း ကပ်လိုက်ပါဆိုတာ"

"ကျုပ်လည်း မောင်းတာပဲဗျ. . .ကပ်လိုက်တာပဲဗျာ. . .ခင်ဗျားဟာမလေးက လျင်လွန်း တယ် ဘယ်ရောက် သွားမှန်းမသိဘူး"

"ခင်ဗျား ညံ့တာ"

ကျော်ညီညာ ဒေါသဖြစ်သည်။

ဘာမှလည်း မထူးခြားပဲ တက်စီခတွေနင့်နေအောင်ရှင်းရတော့မည်။ အိမ်လည်းသိရတာ မဟုတ်။

“မီးနီဖြတ်မောင်းမှပဲရမယ်၊ မီးပွိုင့်မိတာတော့ ကျုပ်လည်းမတတ်နိုင်ဘူး။ စောင့်ရတာ လည်း အကြာကြီး”

တန်ရာတန်ကြေးတော့ တောင်းတော့မှာပါ။

ဟုတ်သည်။ သူလည်း မောင်းပေးတာပဲ ကပ်လိုက်ခဲ့တာပါပဲ၊ ပျောက်သွားတာတော့ ဘာမှမတတ်နိုင်ပါ။

တက်စီခက သူထင်ထားတာထက်ပင် ပို၍ ပေးရပါသည်။

ကျော်ညီညာ မပြုံးနိုင်တော့ပါ။

သူလုပ်မိတာ အမှားတစ်ခုဟုမြင်လာသည်။

“မနက်ဖြန်လာကြိုပေးရမလား”

“ရပြီ မလာနဲ့တော့”

“ကျွန်တော် အဲဒီ ကားအပြာလေးတွေ့ရင် စုံစမ်းခဲ့ပါ့မယ်” ဟု ကရုဏာနှင့်ဆိုတော့ သူပိုပြီး ခံပြင်းမိ၏ ။

သူလုပ်ပုံက သူများသရော်ချင်စရာ။

ဘာလို့မှားပြီးရင်း မှားနေရတာ လဲ။

သုံးရက်မှာပင် သည်လောက် ရင်မောဒုက္ခရောက်တာ. . .နောက်ဆိုဘာတွေကြုံတွေ့ရမလဲ မသိ။

သူ ဘရိတ်နင်းမှ ဖြစ်တော့မည်။

ရပ်တန်းက ရပ်တာအေးသည်။

သူ့ကိုလည်း အဲ့ဒီကောင်မလေးက ဂရုစိုက်တာမဟုတ်ပါ။

သူနှင့် လိုက်ဖက်ညီတာလည်းမဟုတ်။

ကိုယ့်ဘဝနှင့်ကိုယ် အေးအေးနေတော့မည်။

လစာကလေးနှင့် တက်စီဖိုးနှင့် ပြောင်သွားလိမ့်မည်။

ရင်မခုန်ပါနဲ့ ကျော်ညီညာရယ်. . .

သူ့ကို သူ တောင်းပန်မိသည်။

သူ့နှလုံးသားကို သူဦးစားမပေးနိုင်တော့ပါ။ အလိုမလိုက်နိုင်တော့ပါ။ စောစောက အင်မတန် ခုန်လှုပ်နေ သော နှလုံးသားက လစ်ဟာကျပြီး ကြေကွဲသွား၏ ။

မျှော်လင့်ချက်တွေ မရှိတော့ပါ။

သည်ည အိပ်ရာဝင်လျှင်တော့ ဟိုကောင်မလေးအကြောင်း သူလုံးဝမတွေးတော့ဘဲ ဇွတ်နှစ်အိပ်ပစ်ရပါ မည်။

ကြာလျှင် သူအရူးအမူးစွဲလမ်းကာ နလန်မထူနိုင်ဖြစ်ရလိမ့်မည်။ သူသည် လောဘကြီးစွာ နတ်သမီးလေးမှ လိုချင်သည်။

ဖြစ်နိုင် မဖြစ်နိုင် မစဉ်းစား မဆင်ခြင်နိုင်။

ရင်ခုန်သံနောက်ကို တကောက်ကောက်လိုက်မိ၏ ။

သူဘယ်လိုဖြစ်သွားမှန်းမသိ။

ကုရခက်သော ရောဂါများလား။

ကျော်ညီညာ ထိတ်လန့်လာ၏ ။

*

လေးရက်မြောက်သောနေ့မှာတော့ သူ့နတ်မိမယ်ကလေးက အတန်းရှေ့မှာ ကောင်လေး တစ်သိုက်နှင့် ရယ်မောအဖွဲ့ကျကာနေ၏ ။

သူ့မှာတော့ ခက်ခဲလိုက်တာ ချဉ်းကပ်ဖို့။

လွယ်သည့်သူများကျတော့ အင်မတန်လွယ်သည်ပဲ။

ခြေကလေး ချိတ်ထိုင်ပြီး သင်တန်းက ကောင်လေးတွေနှင့် တရင်းတနှီးပြောဆို နေလိုက်ပုံများ. . .။

ကျော်ညီညာခေါင်းငုံ့မိပါသည်။

သူ့မှာသတ္တိမရှိ၊ ရဲရဲဝံ့ဝံ့စကားသွားမပြောရဲပါ။

တစ်ခုခုပြန်ပြောလိုက်လျှင် အော်လွှတ်လိုက်လျှင်. . .

ကျောချမ်းမိပါသည်။ ဒူးတုန်ချင်သည်။

ဘာမှ မပြောဘဲ အဖက်မတန်သလို လုပ်နေမှုဖြင့် သူဘယ်ပြေးပုန်းရမှန်း သိမှာမဟုတ်ပါ။

သူ့နေရာသူလာပြီး ခပ်ငူငူထိုင်နေမိ၏ ။

တက်ကြွလန်းဆန်းသော ပုံစံကလေးက ဆက်ဆံရေးပြေပြစ်ညက်ညောပုံကလေးပါ။ ဟန်ကြီး ပန်ကြီးမ ဟုတ်။

ကျော်ညီညာ စကားသွားပြောလျှင် ပြန်ပြောမှာလား။ ဘယ်လိုတုံ့ပြန်မှာလဲ။ အဲ့ဒီ ကောင်မလေးအနားကို လျှောက်ပင်မသွားရဲပါ။ သူဘာလို့ အဲ့ဒီလောက်သတ္တိနည်းမိသလဲ။

ကောင်လေးတွေ တော်တော်များများ သူ့လိုမဟုတ်။

ချက်ချင်းဝင်ရောနိုင်စွမ်းရှိသည်။

ကောင်မလေးက သူ့ဆီတစ်ချက်လှမ်းကြည့်သလို သူခံစားရသည်။

ပြီးတော့ ဘေးက ကောင်လေး တစ်ယောက်ကို တစ်ခုခုပြောလိုက်ပုံရလေ၏ ။ သူ့အကြောင်းများလား။ အိုးမလုံ အုံပွင့်ဖြစ်ကာနေသည်။

“ဟူး”

ရင်ထဲမှာ မောဟိုက်လိုက်တာကွာ. . .။

ကောင်မလေးတစ်ယောက်နှင့် ရင်းနှီးခွင့်ရဖို့ သည်မျှခဲယဉ်းနေလျှင် လက်ထပ်ဖြစ်ဖို့ဆို လွယ်ပါ့မလား ဖြစ် နိုင်ပါ့မလား။

သည်ဘဝမှာတော့ မေမေပေးစားတာပဲ ဖွတ်မိုတ်ယူရတော့မည်ထင်။ သူ့မှာ စွမ်းအားမရှိ။ ရင်ဆိုင်ရဲစိတ်မ ရှိ။

ကျော်ညီညာ အောင်မြင်စွာ အရှုံးပေးလက်လျှော့ကာနေမိတော့သည်။

နီးစပ်ဖို့ မလွယ်ပါဘူး။

*

တစ်ခါတလေတော့လည်း လောကကြီးမှာ မထင်မှတ်တာတွေဖြစ်တတ်ပါသည်။

ရှစ်ရက်မြောက်သောနေ့မှာပေါ့။

ကျော်ညီညာ မမျှော်လင့်ထားသော အနေအထားကို သူ အလိုလိုရရှိလာသည်။

ဘယ်လိုတန်ခိုးရှင်ကများ သူ့ကိုသနားပြီး ဖန်ဆင်းလိုက်သည်မသိ။ ဒါမှမဟုတ် သူ့ကို အချစ်နတ် ကျီစယ် ရေးသလား။ တစ်ခုခုတော့ဖြစ်လိမ့်မည်။

သူသင်တန်းကိုရောက်သွားတော့ အချိန်စောသေးသဖြင့် အပြင်မှာ

တစ်ယောက်တည်း ထိုင်နေမိပါသည်။ သူ့လိုပဲ စောစောရောက်လာသော သင်တန်းသားတစ်ဦးက သူ့အနားလာထိုင်ပြီး သူနှင့်စကားပြောဖြစ်ကြသည်။

ကျော့်ညီညာနှင့် စကားလာပြောသော ကောင်လေးမှာ ရုပ်ရည်သန့်ပြန့်ကာ ဝတ်ထားပုံမှာ စတိုင်ကျ စမတ် ဖြစ်လွန်း၏ ။ ကျော့်ညီညာပင် ငေးကာသဘောကျမိ၏ ။

တော်တော်ကြည့်ကောင်းသော ကောင်လေးပါပဲ။ စကားပြောပုံမှာလည်း ညင်သာ အေးဆေးသည်။

ကြည့်ရတာ ပညာတတ်ပြီး ပိုက်ဆံချမ်းသာသော အသိုင်းအဝိုင်းက ဖြစ်ပုံရလေ၏ ။

အဆင့်အတန်းခွဲခြားတတ်ပုံလည်းမရဘဲ သူနှင့် တရင်းတနှီးပြောဆိုနေတာပါပဲ။

နောက်တော့ ထိုကောင်လေးက သူ့ကို နှုတ်ဆက်ပြီး ခဏထွက်သွားသည်။ ဟိုကောင်မလေးက သူ့တို့စကားဆိုနေတာကို ကွက်ကြည့်ကွက်ကြည့်နှင့် နောက်တော့ သူ့ဆီတန်းတန်းမတ်မတ်လျှောက်လာသည်။

သူ့ရင်ထဲမှာ ဝုန်းဒိုင်းဆူညံလာ၏ ။

သူ့မျက်လုံးကို သူမယုံ။

တကယ်ပါပဲ သူ့ဆီလျှောက်လာနေတာ. . .။

ဟာ. . .ပြဿနာပဲ. . .ရန်တွေ့မလို့လား. . .သူလည်းဘာမှမလုပ်မိပါလား. . .အမေရေ ကယ်ပါဦး။

ယောက်ျားဖြစ်လျက် သူချောက်ချားတုန်လှုပ်လာ၏ ။

ဘယ်ကို ထပြေးချင်မှန်းမသိ။

သူ့ကိုယ်ကြီးတောင့်တင်းအေးစက်လာသလိုခံစားရ၏ ။

"နီ. . .ထိုင်မယ်နော်"

"ဟာ. . .ရပါတယ်"

သူကမန်းကတန်းပြောမိ၏ ။

"နီ" တဲ့လား။

သူကလေး အမည်က "နီ"တဲ့လား။

သင်းပျံ့သော ရနံ့လေးတစ်ခု သူ့ဆီလွင့်လာ၏ ။ ပေါင်ဒါလား ရေမွှေးလား သူမသိပါ။ မွှေးတာပဲသိသည်။ ရင်ထဲအထိ တိုးဝင်လာသော ရေမွှေးနံ့ကြောင့် သူဘယ်လောက်အထိ အသက်ပြင်းပြင်းရှူနေမိသလဲ သတိထားမိ၏ ။ ငယ်ထိပ်အထိ မွှန်ထူ မွှန်းကျပ်နေသည်။

"ရှင် ဒီသင်တန်းကပဲလား"

"ဟုတ်ကဲ့"

သူ လက်တွေ့ဖြစ်စဉ်ကို လိုက်မမီတော့ပါ။ သူ့မှာဖြင့် ခက်ခက်ခဲခဲကြိုးစားလိုက်ရတာ ၊ ဖြစ်ချင်တော့လည်း ကောင်မလေးက သူ့အား ရောက်လာပြီး စကားလာပြောသည်။

"စောစောက တစ်ယောက်နဲ့ခင်လား"

"ခင်ဗျာ"

အူကြောင်ကြောင်ပြန်မေးမိရင်း သူ့ဘေးကို ဘာကြောင့်ရောက်လာသလဲ နားလည် သဘောပေါက်သွား၏ ။

ခုနတုန်းက ဟိုချောချောကောင်လေးကြောင့်ပဲ. . .။

"သူ့ဘေးမှာ ထိုင်နေတဲ့ တစ်ယောက်လေ"

“ဟုတ်ကဲ့”

“ရှင်နဲ့ သူငယ်ချင်းလား”

“သိပ်မသိပါဘူး ဒီနေ့မှ စကားပြောဖြစ်တာပါ”

“ဪ. . .ဟုတ်လား”

ကောင်မလေးက သွားဖွေးဖွေးလေးတွေပေါ်အောင် ပြုံးသည်။

သိပ်လှပါလားကွာ။

နီးနီးကပ်ကပ်မြင်ရတော့ ကျော်ညီညာအသက်ရှူမမှန်ချင်။ ခြေလက်တွေ တုန်ယင်ချင် သည်။ ဘယ်လိုကြီး ဖြစ်လာမှန်းမသိ။

“နီ သူ့ကိုမြင်ဖူးတယ်၊ နီတို့ အတူတူလျှောက်ဖြစ်ကြတယ်။ လေယာဉ်မယ် လျှောက်တုန်း က သူလည်းလေယာဉ်မောင်းလျှောက်တယ်လေ။ ဒါပေမဲ့ နီတို့မရခဲ့ဘူး”

“ဟုတ်ကဲ့”

သူနှင့် လာစကားပြောခဲ့သော ကောင်ချောလေးကို နီက တော်တော်သဘောကျ နှစ်ခြိုက်ပုံရလေသည်။

အင်း. . .သူတို့သူတို့ချင်း လိုက်ဖက်လှပါတယ်။ နှစ်ယောက်စလုံး အချောလေးတွေ။ သူ့လိုမတန်မရာမ ဟုတ်ပါ။

“ဒီမှာ တွေ့လိုက်ရတော့ နီအရမ်းအံ့သြသွားတယ်၊ ရှင်များ သိမလားလို့ပါ”

“အင်း. . .မခင်ပါဘူး”

“အဟင်း. . .နီသွားတော့မယ်”

ကောင်မလေးက ဖျတ်ခနဲ မတ်တတ်ရပ်လိုက်၏ ။

"ဟို. . .ခဏ"

"ရှင်"

နားရွက်တွေ ထူပူပြီး သူဘယ်လိုစကားစရမှန်းမသိပါ။

သို့သော် သည်အခွင့်ရေးကို သူလက်လွှတ်မခံနိုင်ပါ။

"ကျွန်တော့်ကို လိပ်စာနဲ့ ဖုန်းနံပါတ်ရေးပေးပါလား" ဟု တောင်းဆိုလိုက်၏ ။

"ပေးလေ ရေးပေးမယ်"

ကျော်ညီညာက စာအုပ်နှင့်ဘောလ်ပင်ထုတ်သည်။ နီ့ဆီလှမ်းပေး၏ ။

"လမ်းကြိုရင် ဝင်လည်ပေ့ါ"

လိပ်စာရေးပေးရင်းဆိုပါသည်။

"ရော့. . .ရပြီ"

"ဟုတ်ကဲ့ ကျွန်တော့်နာမည် ကျော်ညီညာပါ"

"ကျော် ညီ ညာ"

"ဟုတ်ကဲ့"

"နီ မှတ်ထားပ့ါမယ်"

သူ ခုမှ သက်ပြင်းရှိုက်နိုင်တော့သည်။ နီပေးသော စာအုပ်ကို ဖွင့်ကြည့်မိ၏ ။

"ပတ္တမြားနီ" တဲ့။

အမည်လေးက ဆန်းပြီး ချစ်စရာကောင်းသည်။

ပတ္တမြားနီတဲ့လား။

ကိုယ့်အတွက်တော့ တန်ဖိုးဖြတ်မရတဲ့ ရတနာလေးပါပဲ။

မင်းကဘာလို့ ဟိုလူချောလေးကို စိတ်ဝင်စားရတာ လဲ၊ တူတယ် တန်တယ်ထင်လို့လား။

ကျော်ညီညာ စိတ်ထဲမှာ မခံချိမခံသာ အောင့်သက်သက်နှင့် မနာလိုဝန်တိုခြင်းတွေ ဖြစ်ပေါ်လာ၏ ။

*

ပတ္တမြားနီက ကွန်ပျူတာရှေ့မှာ ထိုင်ချလိုက်ရင်း ဖွဖွလေးပြုံးမိ၏ ။ ရိုးသားပုံရပြီး တည်တည်ကြည်ကြည်ရှိ လှသော်လည်း ပုံစံကတော့ တကယ့်ကို တုံးအအေးအေးကြီးပါ။

အဟင်း. . .လိပ်စာတော့ ချက်ချင်းယူထားသား။

ထင်ထားသလောက်တော့ မအ ပါ။

ဒါမျိုးကျတော့ လည်သား အခွင့်ရေးကို လက်လွတ်မခံ။

သူ့အကြောင်းတွေးမိကာ နီရယ်ချင်သည်။

သည်အရွယ်နှင့် သည်အရွယ်. . .

သည်မျက်လုံး သည်အပြုံးတွေကို အကင်းမပါးသူ တုံးအအဆိုရင်တောင် သိနိုင်သေးတာ။

ပတ္တမြားနီလို လှစ်နေအောင်ပါးသော ကောင်မလေးက သိမှသိပ်သိ. . .မသိချင်ယောင် ဆောင်နေရင်သာရှိ မှာ. . .

ရှင်ဟာ လူထူးဆန်းပါလား။

ရှင့်ပုံစံကြီးနဲ့ နီ့ကို စိတ်ဝင်စားတယ်ဆိုတော့. . .

အင်း. . .စိတ်ဆိုတာ မြင်ရတာ မဟုတ်။

ဖူးစာဆိုတာ ဘုရားရေးထားတာ။

ကုသနဲ့ ပပလောက်တော့ မကွာလှပါဘူး. . .

နီဘာကိုမှန်းမသိကျေနပ်စွာတွေးနေမိ၏ ။

သူ့မျက်လုံးတွေက အသက်ပါလွန်းသည်။

နီ့ကို စွဲလမ်းနေတာပေါ်လွင်သည်။

နီကရော ဟီ. . .ဟိ. . .ရယ်ချင်စရာလေး ရယ်ချင်စိတ်ပဲ ရင်ထဲရှိနေ၏ ။

ရင်လည်းမခုန်ပါ။

သူက ကိုယ့်ကို စိတ်ဝင်စားသည်ဆိုတာ ကိုယ့်အတွက် သိပ်အံ့အားသင့်စရာ မယုံနိုင် စရာဖြစ်နေ၏ ။

သူနှင့် အလှမ်းကွာလွန်းသောကိုယ့်ကို တကယ်ဆိုသူက စိတ်ပျက်နေရမှာ။

ရှင်. . .မှားမယ်နော်. . .။

နီဆိုးတဲ့ဒဏ် ရှင်ခံနိုင်ပ့ါမလား။

ပြီးတော့ ဘာဆိုဘာမှ မနီးစပ် အဖြူနှင့် အနက်လိုအရာရာ ဆန့်ကျင်သည်။

ပါးပေါ်လက်ကလေးကပ်ကာ နီတွေးနေမိ၏ ။ နီကတခြားတစ်ယောက်အကြောင်း မေးလိုက်တော့ သူ့မျက် နှာကြီးက ကောင်းကင်ပြာကြီး မိုးရွာခါနီး အုံ့မှိုင်းညိုမှောင်လာသလို တထေရာတည်းတူသည်။

ခံစားမှုက မျက်နှာပြင်မှာ ထင်ဟပ်လွန်း၏ ။ နည်းနည်းပါးပါး ဟန်ဆောင်အုံးမှပေ့ါ။

ကြည့်ရတာ ပွင့်ပွင့်လင်းလင်း ဘွင်းဘွင်းရှင်းရှင်း ဟောဟောဒိုင်းဒိုင်းကြီးထင်ပါရဲ့. . .။

စိတ်ဝင်စားစရာ မကောင်းလိုက်တာနော် ခေါင်းလေးရမ်းပြီး တွေးမိသည်။

သူငယ်ချင်းတွေသိလျှင် မနေနိုင်ပဲ ဟားတိုက်ရယ်မောကြမှာ။ နင့်ကို သူက ဟုတ်လားဆိုပြီး မျက်လုံးပြူး ကုန်မှာ။ သူနှင့်သာ နီတွဲမိလျှင် ဘယ်လောက် အံ့သြကြမလဲမသိ။ ချက်ချင်းပဲ နီ့စိတ်ထဲမှာ သူနှင့် တွဲလျှောက်ချင် လာ၏ ။

ထူးဆန်းသော မြင်ကွင်းမျိုးလား။

လူတွေ ဝိုင်းကြည့်ကြမှာလား။

စူးစမ်းစွာ သိချင်စိတ်ကဲလာသည်။

ဒါ ဘယ်လိုပုဂ္ဂိုလ်လေးလဲဟု မေမေ မေးတော့မှာ။

ပတ္တမြားနီ တစ်ယောက်တည်းရယ်မိ၏ ။

သင်တန်းဆရာက လှမ်းကြည့်မှ ပါးစပ်ကလေးပိတ်ပြီး အသံတိတ်သွား၏ ။

ဒုက္ခပါပဲ။

အသံက ဘယ်လိုထွက်သွားပါလိမ့်။

ထူးဆန်းစွာပင် သူက တစ်နေ့လုံး နီ့အာရုံမှာ လွှမ်းမိုးထား၏ ။ နီပြုံးစေ့စေ့ဖြစ်ကာ ဘယ်သူ့ကို ပြောပြချင် မှန်းမသိ။

သူငယ်ချင်း စန္ဒာသက်ကို ဖွင့်ပြောပြရကောင်းမလား။

စန္ဒာသက်က နီ့ကို ဟားတိုက်နေမှဖြင့်. . .

နီကသာ သူ့ကို ဟားချင်နေတာ. . .

နီ့ကို သူများဟားမှာတော့ လန့်မိသည်။

လိပ်စာယူထားတော့ သူရောက်လာမှာလား၊ လာရဲပါ့မလား။ ဖုန်းဆက်မှာလား။

စိတ်စောစွာပဲ တွေးကြည့်နေမိ၏။

ပြီးတော့ သူ့ကို နီဘယ်လိုဆက်ဆံသင့်လဲ။

မျှော်လင့်ချက်ပေးသလိုဖြစ်မှာလည်းစိုးသည်။

အပြတ်ကြီးပြောချပစ်ရမှာလည်း ဝန်လေးသည်။ နှမြောသည်။

ဘာကို မပြတ်မသားဖြစ်နေမိတာလဲ။

သူနှင့် နီဘယ်လိုမှ မဖြစ်နိုင်တာတော့ ဘယ်အချိန်တွေးတွေး သေချာနေ၏။

ကျော်ညီညာရယ်။

ကြိုက်စရာရှားလို့. . .

*